ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

သယံဇာတ ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန

(ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)

ဝေါ မြို့ နယ် စည် ပင် သာ ယာ ရေး အ ဖွဲ့

အရပ်ရပ်အခွင့်အရေးလိုင်စင်ရောင်းချမည့်ကြော်ငြာစာ

လေလံကြော်ငြာအမှတ် ( ၂ / ၂၀၂၀ )

၂၀၂၀ ပြည့်နှစ် ၊ ဩဂုတ်လ ၁၁ ရက်

( ၁၃၈၂ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက် )

၁။ ၂၀၂၀ - ၂၀၂၁ ခု ဘဏ္ဍာရေးနှစ် ( ၁ - ၁၀ - ၂၀၂၀ မှ ၃၀ - ၉ - ၂၀၂၁ ) အထိ ကာလအပိုင်းအခြားအတွက် ဝေါမြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင်အား ဈေးပြိုင်စနစ်ဖြင့် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါ၍ လေလံစည်းကမ်း ညွှန်ကြားချက်များနှင့်ညီညွတ်သူမြန်မာနိုင်ငံသားမည်သူမဆို လာရောက်ဆွဲဝယ်နိုင်ပါကြောင်းကြော်ငြာအပ်ပါသည် -

ဝေါမြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင် လေလံရောင်းချမည့်နေ့ရက်သတ်မှတ်ချက်

| စဉ် | ရောင်းချမည့် အစီအစဉ် | လေလံရောင်းချမည့် နေ့ရက် / အချိန် | လျှောက်လွှာပိတ်မည့် နေ့ရက် / အချိန် | မှတ်ချက် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁ | ပထမအကြိမ် | ၂၁ - ၈ - ၂၀၂၀ ( သောကြာနေ့) နံနက် ( ၁၀ : ၀၀ ) | ၂၀ - ၈ - ၂၀၂၀ (ကြာသပတေးနေ့ ) ညနေ ( ၁၆ : ၃၀ ) | |

လျှောက်လွှာပိတ်မည့်နေ့ရက် - ( ၂၀ - ၈ - ၂၀၂၀ )

လျှောက်လွှာပိတ်မည့်အချိန် - ( ၁၆ : ၃၀ ) နာရီ

လေလံတင်ရောင်းချမည့်နေ့ရက် - ( ၂၁ - ၈- ၂၀၂၀ ) ( သောကြာနေ့)

လေလံတင်ရောင်းချမည့်အချိန် - နံနက် ( ၁၀ : ၀၀ ) နာရီ

လေလံတင်ရောင်းချမည့်နေရာ - ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး။

၂။ လေလံယှဉ်ပြိုင်ဆွဲဝယ်လိုသူများအနေဖြင့် လေလံလျှောက်လွှာနှင့်အတူ လေလံယှဉ်ပြိုင်ဆွဲဝယ်သူများ လိုက်နာရမည့်စည်းကမ်းများအဖွဲ့ရုံးတွင် ဝယ်ယူရရှိနိုင်ပြီး အထက်ပါနေ့ရက်များတွင် လျှောက်လွှာနှင့်အတူအောက်ဖော်ပြပါ အထောက်အထားစာရွက်စာတမ်းများ ပြည့်စုံစွာ ပူးတွဲလျှောက်ထားရမည်။

(နောက်ကျတင်သွင်းလာသည့် လျှောက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ)

(က) နိုင်ငံသားစီစစ်ရေးကဒ် မိတ္တူ။

(ခ) လဝကအိမ်ထောင်စုစာရင်းပုံစံ ၆၆ / ၆ မိတ္တူ။

(ဂ) လေလံဆွဲဝယ်သူများသည် လိုင်စင်တစ်ခုချင်းစီ သတ်မှတ်ကြေးခင်းဈေးတစ်ဝက်ကို ဝေါမြို့ မြန်မာစီးပွားရေးဘဏ်ခွဲတွင် မိမိအမည်ဖြင့် စာရင်းရှင်အပ်ငွေဖွင့်လှစ်၍ အမှုဆောင်အရာရှိရာထူးအမည်ဖြင့် ရေးသားထားသော ငွေထုတ်ယူခွင့်အမိန့် ( POP )နှင့်ပူးတွဲတင်ပြရမည်။

(ဃ) လေလံဆွဲဝယ်သူများသည် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးမှူးရုံး၏ အခွန်အပြီးသတ်စည်းကြပ်မှုခံယူပြီး ကျသင့်အခွန်ကင်းရှင်းကြောင်းထောက်ခံချက် ၊ ပဲခူးတိုင်းဒေသကြီးအတွင်း အခြားမြို့နယ်မှလာရောက် လေလံဆွဲဝယ်မည့်သူနှင့် တိုင်းဒေသကြီးပြင်ပမှ လာရောက်လေလံဆွဲဝယ်သူဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်တွင် အခွန်ကင်းရှင်းကြောင်းနှင့်၎င်း၏ မရွှေ့မပြောင်းနိုင်သော အာမခံပစ္စည်းအထောက်အထားနှင့် ပတ်သက်၍သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တန်ဖိုးစီစစ်ရေးအဖွဲ့၏ စီစစ်တင်ပြမှုအပေါ် အမှုဆောင်အရာရှိ၏ ထောက်ခံချက်ဖြင့် ပူးတွဲတင်ပြရမည်။

(င) လိုင်စင်ကြမ်းခင်းဈေးတန်ဖိုးထက် လျော့နည်းခြင်းမရှိသည့် လျှောက်ထားသူအမည်ပေါက် မရွှေ့မပြောင်းနိုင်သော ပစ္စည်း ( အဆောက်အဦ ၊အိမ်၊မြေ ) နှင့် ယင်းနေအိမ်၏ လေးဘက်မြင်ဓါတ်ပုံ( ၄ ) ပုံ ၊ ( သို့ )ငွေစုစာအုပ် တင်ပြရမည်၊ (SpecialPower ) လွှဲအပ်တင်ပြခြင်းကို လက်ခံမည်မဟုတ်)

(စ) လေလံလျှောက်ထားသူအား အာမခံပစ္စည်းသည် ဆွဲဝယ်မည့်ကြမ်းခင်းဈေး ထက်တန်ဘိုးလျော့နည်းမရှိကြောင်း၊ လျှောက်ထားသူအမည် မရွှေ့မပြောင်း နိုင်သောပစ္စည်း (အဆောက်အအုံ၊ အိမ်၊ မြေ ) အတွက် သက်ဆိုင်ရာ မြို့နယ် ကာလတန်ဘိုး စိစစ်ရေးအဖွဲ့နှင့် မြို့နယ်မြေစာရင်း၏ ထောက်ခံချက် )

(ဆ) ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ထောက်ခံချက်၊

(ဇ) သက်တမ်းတိုးလိုင်စင် လုပ်ကိုင်ခွင့်ရရှိသူဖြစ်စေ၊ တိုက်ရိုက်ချထားခြင်းခံရသူ ဖြစ်စေ၊ လေလံဆွဲဝယ်ရရှိသူဖြစ်စေ မိမိလိုင်စင်ရရှိသော လေလံကြေးငွေ ( ၅ ပုံ ၁ ပုံ ) (သို့မဟုတ်)လိုင်စင်ကြေးငွေ ( ၂ ပုံ ၁ ပုံ ) ( တိုင်းဒေသကြီးပြင်ပ ) ( သို့မဟုတ် ) အကြေပေးသွင်းရန် သတ်မှတ်သည့် လိုင်စင်ကြေးငွေများကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်( ၈ - ၁၀ - ၂၀၂၀) ရက်နေ့ နောက်ဆုံးထား၍ ပေးသွင်းရမည်။

(ဈ) ပဲခူးတိုင်းဒေသကြီးပြင်ပမှလာရောက်ဆွဲဝယ်လုပ်ကိုင်သူဖြစ်ပါကလိုင်စင်ကြေး ၏(၅၀%)အားလိုင်စင်ဆွဲဝယ်ရရှိသည့် ၂၀၂၀ - ၂၀၂၁ ခုဘဏ္ဍာရေးနှစ်အတွက် ( ၈ - ၁၀ - ၂၀၂၀) ရက်နေ့ နောက်ဆုံးထား၍ ပေးသွင်းရမည်။ ကျန် ( ၅၀% ) အား ၂၀၂၀ ခုနှစ် အောက်တိုဘာလမှစ၍ လစဉ် သတ်မှတ်ရက်များအတိုင်း (၄) ရစ်ခွဲ၍ ပေးသွင်းရမည်။လေလံကြေးအနည်းဆုံး ကျပ်သိန်း (၂၀) အောက် ဖြစ်ပါက ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ( ၈ - ၁၀- ၂၀၂၀ ) ရက်နေ့ နောက်ဆုံး ထား အကြေပေးသွင်းရမည်။

၃။ လေလံယှဉ်ပြိုင်ဆွဲဝယ်လိုသူသည် ၂၀၂၀ - ၂၀၂၁ ခုဘဏ္ဍာရေးနှစ်အတွက် အဖွဲ့၏ ( ၂၃ - ၇ - ၂၀၂၀ ) ရက်စွဲပါစာအမှတ်၊ ၈၀၂ / ဃ - ၂ / ဝေါ (၀၀၁) ဖြင့် ထုတ်ပြန်ထားသည့် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်စည်းကမ်းများနှင့် လိုင်စင်တစ်ခုချင်းအလိုက်စည်းကမ်းများကို သိရှိနားလည်ပြီးဖြစ်ရမည်။

၄။ အထက်အပိုဒ် (င) ပါပိုင်ဆိုင်မှုအထောက်အထားများ တင်ပြနိုင်ခြင်းမရှိပါက လေလံ ကြေးနှင့်အခြားအခွန်အခများအား တစ်ပါတည်းအပြေအကြေပေးသွင်းရမည်။

၅။ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် အဖွဲ့ပိုင်အခွင့်အရေးလိုင်စင်များအားလေလံဆွဲလိုသူသည်စည်ပင်သာယာရေးဆိုင်ရာအခွန်၊အခကြွေးကျန်မရှိသူများဖြစ်ရမည့်အပြင်နာမည်ပျက်စာရင်းတင်သွင်းကြောင်း ကြော်ငြာ၍သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် လေလံဆွဲဝယ်ခွင့်ပိတ်ထားခြင်းခံရသူများ၊ ၎င်းနှင့်အတူနေ အိမ်ထောင်စုစာရင်းဝင်ပုဂ္ဂိုလ်များမဖြစ်စေရ။

၆။ လိုင်စင်အမျိုးအစားအလိုက် သက်ဆိုင်ရာ လုပ်ငန်းတစ်ခုချင်းစီအတွက် လေလံလျှောက်လွှာကိုကြော်ငြာသည့်နေ့ရက်မှစတင်၍တစ်စောင်လျှင် ငွေကျပ်(၁၅၀၀၀/-) ဖြင့် ဝယ်ယူ၍လျှောက်လွှာတစ်စောင်စီဖြင့် လျှောက်ထားရမည့်ဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ကိုယ်တိုင်ဦးစီးလုပ်ကိုင်နိုင်ရမည့်အပြင်တစ်ဆင့်လွှဲပြောင်းဆောင်ရွက်ခြင်းမပြုရ။

၇။ လေလံရောင်းချခြင်းနှင့် ပတ်သက်၍ အသေးစိတ်မေးမြန်းလိုပါက ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ် ( ၀၅၂ - ၇၅၅၇၀၊ ၀၅၂ - ၇၅၇၆၁ ) သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၁၁၊ ၈၊ ၂၀

အမှုဆောင်အရာရှိ

( ဝင်းလှိုင်၊ ဦးစီးအရာရှိ )

စာအမှတ်၊ ၉၁၁ / ဃ - ၂ / ဝေါ (၀၀၁)

ရက်စွဲ ။ ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လ ၁၁ ရက်

ဖြန့်ဝေခြင်း

လိုင်စင်စီဟောင်းများအားလုံးနှင့် အခြားစိတ်ပါဝင်စားသူများ

ဈေးတာဝန်ခံ (အများပြည်သူသိရှိနိုင်ရေးအတွက် ကြော်ငြာပေးရန်)

မိတ္တူကို

ဝန်ကြီး ၊ သယံဇာတ ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ ပဲခူးမြို့

ညွှန်ကြားရေးမှူး ၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ၊ ပဲခူးမြို့

မြို့နယ်အုပ်ချုပ်ရေးမှူး ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ ဝေါမြို့

အမှုဆောင်အရာရှိ ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အားလုံး၊ ပဲခူးတိုင်းဒေသကြီး

ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ------------------------------ ရပ်ကွက် ၊ ဝေါမြို့

ရုံးလက်ခံ / မျှောစာတွဲ ။

## ၂၀၂၀ - ၂၀၂၁ ခု ဘဏ္ဍာရေးနှစ်အတွက်

## ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် အရပ်ရပ်အခွင့်အရေးလိုင်စင်

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး | စားပွဲတင်အာမခံငွေ |
|---|---|---|---|
| ၁။ | ဝေါမြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင် | ၆၂၂၁၁၀၀၀၀/- | ၃၁၁၀၅၅၀၀၀/- |